ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန


အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၄ 	၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## USAID နှင့် မြန်မာအကောက်ခွန်ဦးစီးဌာနတို့အကြား အဆိုပြုထားသည့် နည်းပညာအကူအညီနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲအား Virtual Meeting ဖြင့် ကျင်းပပြုလုပ်ခြင်း






၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန ရုံးချုပ်၊ အစည်းအဝေးခန်းမ (၁) ၌ USAID နှင့် မြန်မာအကောက်ခွန်ဦးစီးဌာနတို့အကြား အဆိုပြုထားသည့်နည်းပညာအကူအညီနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ Virtual Meeting တစ်ရပ်အား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာအကောက်ခွန်ဦးစီးဌာနနှင့် USAID– United States Agency for International Development အကြား အဆိုပြုထားသည့် နည်းပညာအကူအညီ(TA)အား အတည်ပြုနိုင်ရန်၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့် နည်းပညာအကူအညီများအား ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် USAID မှ Mr. Stephen Parker နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အစည်းအဝေးကို (၁၁:၀၀) အချိန်တွင် ရုပ်သိမ်းခဲ့သည်။

# Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် 137$^{th}$ Session of the WCO အစည်းအဝေးသို့ တက်ရောက်ခြင်း



၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ (၁၃၇) ကြိမ်မြောက်ကောင်စီ (137$^{th}$ Session of the WCO) အစည်းအဝေးအား အဖွဲ့ဝင်နိုင်ငံများအကြား Video Conferencing စနစ်ဖြင့် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ (၁၇:၃၀) အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။


အဆိုပါ အစည်းအဝေးတွင် အကောက်ခွန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်ရေးကိစ္စရပ်များ၊ အကောက်ခွန်နှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန်ဥပဒေလေးစားလိုက်နာရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးဆိုင်ရာကိစ္စရပ်များ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ချုပ်၏မူဝါဒနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကောင်စီ၏ သဘာပတိနှင့် Tariff and Trade Affairs ၏ ညွှန်ကြားရေးမှူးခန့်ထားနိုင်ရေး အဆိုပြုခြင်းကိစ္စရပ်များ၊ ၂၀၂၁ ခုနှစ်အတွင်း ကျင်းပမည့်အစည်းအဝေးများနှင့် ထပ်မံကျင်းပမည့် ကောင်စီအစည်းအဝေးများ၏ နေရာနှင့် နေ့ရက်များကို အတည်ပြုခြင်းကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး အစည်းအဝေးအား (၂၀:၃၀) အချိန်တွင် ရပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၇၆၅.၅၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ(၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၈၆) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၇၇၆၅.၅၇၉) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု





ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၅) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၄.၁၂၃) သန်းရှိသည့်အနက် MIP ဆိပ်ကမ်း၌ ၂၃-၁၂-၂၀၂၀ ရက်နေ့တွင် Shwe Myot Thar Co., ltd မှ ကြေညာတင်သွင်းသော Reconditioned Multifunction Copier Machine (59) U အား စစ်ဆေးခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ(၃၆/၂၀၂၀) အရ အကျုံးဝင်ခြင်း မရှိသောကြောင့် တားဆီးခဲ့ပြီး ကုမ္ပဏီမှ အဆိုပါပစ္စည်းများအား စွန့်လွှတ်ကြောင်း လျှောက်ထားလာသဖြင့် ခန့်မှန်း တန်ဖိုး (၁၃.၇၂) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၇၆၅.၅၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု




(၂၅.၁၂.၂၀၂၀) ရက်နေ့တွင် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသောယာဉ်အမှတ်(8J/4954) Nissan UD (၆ ဘီး)ယာဉ်အားစစ်ဆေးခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် အဝါရောင်စက္ကူဂျပ်ဖာများအတွင်း ပလပ်စတစ်အစိမ်းရောင်အိတ်ဖြင့် ထုတ်ပိုးထားသော GUANYINWANG စာတမ်းနှင့် လက်ဖက်ခြောက်အမှတ်အသားပါ အိတ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် Ice ဟု ယူဆရသော အဖြူရောင်အစိုင်အခဲ (၃၄၃) ကီလိုဂရမ် စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၆၅၁၇)သန်းခန့် တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါပစ္စည်းများနှင့် သယ်ဆောင်သောယာဉ်အား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူသောအမှု ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၇၆၅.၅၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/တားဆီးမှု







ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၀) ပြည့်နှစ် ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မူဆယ်မှ လားရှိုးဘက်သို့ မောင်းနှင်လာသည့် (၂၂)ဘီး နောက်တွဲယာဉ်တစ်စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သွင်းကုန်ကြေညာလွှာပေါ်ကြေညာထားသော ပရိဘောဂနှင့်ကုန်စုံတို့အောက်တွင် ဖုံးကွယ်သိုဝှက်ထားသည့် Drum များအတွင်း၌ ထည့်သွင်း သယ်ဆောင်လာသော Sodium Cyanide ဟုယူဆရသော (Drum– ၅၀ ကီလိုဂရမ် x ၃၈၅ လုံး) စုစုပေါင်းအလေးချိန် (၁၉၂၅၀)ကီလိုဂရမ်ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် Sodium Cyanide နှင့်သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၂၆.၄) သန်းခန့်အား တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၇၆၅.၅၇၉) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြား ဖမ်းဆီး/တားဆီးမှု







ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၀) ပြည့်နှစ် ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင် ကင်းလှည့်စဉ် မော်လမြိုင်မှ မန္တလေးသို့ မောင်းနှင်လာသော Royal Mandalar Express လူစီး မှန်လုံယာဉ်တစ်စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် Ammonium Nitrate ဟုယူဆရသော အဖြူရောင် အမှုန့်ခဲ (၇၀) Pkgs ၊ (၂၈၅၀) ကီလိုဂရမ် ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၀) သန်းခန့်အား တွေ့ရှိ ရသဖြင့် တားဆီးခဲ့ပါသည်။

## မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၁၃.၉၂၆ သန်း |
| | စုစုပေါင်း | - | ၃ မှု | ၃ မှု | ၁၃.၉၂၆ သန်း |


အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၂၀) ရက်နေ့ မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၅၅.၀၇၆) သန်းအား တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



⇒ **Laptop** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **8471.3020** နှင့် **CD-3%** ဖြစ်ပါကြောင်း ပြန်လည် ဖြေကြား ခဲ့ပါသည်။

⇒ **Microwave Oven** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **8516.50.00** နှင့် **CD-10%** ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။





⇒ **Bicycle Tyre** တင်သွင်းလိုပါသဖြင့် H.S Code လာရောက် မေးမြန်းရာ H.S Code မှာ **4011.50.00** နှင့် **CD-5%** ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားခဲ့ ပါသည်။